
ပန့်သုဝေယ်
ကျတ်ဆေးရုံမှာတစ်ညတာ

## အခန်း ( ၁ )

"အား"

"အီး အစ်ကိုရေ"

"ဟင် ဘာဖြစ်လဲ ပန်းအိ ဗိုက် ဗိုက်နာတာလား"

ကိုမြတ်စိုး တစ်ယောက် ရှေ့သို့ အာရုံစိုက်၍ ကားမောင်းနေရင်းမှ နောက်ဘက်ရှိ ဇနီးဖြစ်သူ ပန်းအိထံမှ နာကျင်စွာ အော်ဟစ် ညည်းညူလိုက်သံကြောင့် နောက်သို့ စိုးရိမ်စွာ လှည့်ကြည့်လိုက်ရင်း မေးလိုက်ရာ ဇနီးဖြစ်သူမှ ရှုံ့မဲ့သော မျက်နှာနှင့် ခေါင်းညိတ်ပြလိုက်ရင်း ...

"ဟုတ် ဟုတ်တယ် အစ်ကို ဗိုက်ထဲက ရုတ်တရက် ထိုးနာ လာလို့"

"အား"

"အမလေး"

"မ ရ တော့ ဘူး"

"ဟာ"

"ကျွီ ..."

မိမိအား ပြောရင်း အော်ဟစ်လိုက်သော ဇနီးဖြစ်သူ၏ အသံကြောင့် ကိုမြတ်စိုးမှာ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတတ်စွာ ကားအား ဘရိတ်အုပ်ရပ်တန့် လိုက်မိလေ၏။ အချိန်မှာ မှောင်ရီပျိုးစ ဆောင်းဝင်ခါစဖြစ်၍ အလင်းရောင်မှာ မှုန်တိမှုန်ဝါး ကွယ်ပျောက်လု နီးပါး ဖြစ်နေလေပြီ။

မိမိတို့မြို့နှင့် မိုင်(100)ကျော်ဝေးသော ရွာတွင် နေထိုင်သော ညီဝမ်းကွဲဖြစ်

သူ၏ မင်္ဂလာဆောင်သို့ မလာမဖြစ် လာလိုက်ရသော်လည်း ဇနီးဖြစ်သူ ပန်းအိ၏ကိုယ်ဝန်မှာ နေ့စေ့လစေ့ ဖြစ်နေ၍ စိုးရိမ်မကင်းသည့် အလျောက် …

မမောင်ခင် မိမိတို့နေသောမြို့သို့ အရောက်ပြန်မည် အားခဲ မောင်းလာသော်လည်း ယခုမူ ဇနီးဖြစ်သူ၏ အခြေနေမှာ မဟန်တော့။ မြို့မရောက်မီ ကားပေါ်မှာပင် မွေးတော့မည့်ပုံ ဖြစ်နေလေသည်။

စိုးရိမ်ပူပန်မှုတို့ကြောင့် ဆောင်းတွင်းကြီး ဖြစ်လင့်ကစား ဗိုက်နာနေသော ဇနီးသည်နှင့် အပြိုင်ပင် ကိုမြတ်စိုး၏ နဖူးမှ ဇီးကင်းလုံး ပမာဏခန့် ချွေးစေးများ တစ်ပေါက်ချင်း ကျလာလေသည်။

"ဒုက္ခပါပဲ ငါဆက်မောင်းရမလား …"

"ကားကို ဒီတိုင်းရပ်ပြီး အနီးနားက ရွာတစ်ခုခုမှာ အကူညီတောင်းရင် ကောင်းမလား"

ကားစတီယာတိုင်အား မိမိလက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထားပြီး တွေးနေရင်း ရှေ့တူရူသို့ ကြည့်လိုက်ရာ မလှမ်းမကမ်း နှင်းမှုန်များကြားတွင် မီးရောင် တလက်လက် ထွက်ပေါ်နေသည်ကို အားတက်ဖွယ်ရာ တွေ့လိုက်ရသဖြင့် ဝမ်းသာသွားဆဲ ဇနီးထံမှ …

"အမေရေ အီး ဟီး နာလိုက်တာ ကယ်ပါဦးတော့်"

"ကိုမြတ်စိုး ရှင်ဘာလုပ်နေလဲ ကျွန်မ ဗိုက်နာနေပြီ ဆေးရုံခေါ်သွားလေ"

"ဟေ"

အေး အေး …

"ခေါ်သွားမယ် လာ လာပြီ မိန်းမရေ"

စိတ်ထဲအတွေးများဖြင့် ယောက်ယက်ခတ်နေသော ကိုမြတ်စိုးတစ်

ယောက် ဇနီးဖြစ်သူ၏ မြည်တွန် လိုက်သံကြောင့် ကားရှေ့ခန်းတံခါးအား ကပျာကယာ ဖွင့်ဆင်း၍ နောက်ခန်းမှ ဇနီးသည်အား တွဲခေါ်လေ၏။

"အား ကျွတ် ကျွတ် အစ်ကို ကျွန်မကို ဘယ်ခေါ်သွားမလို့လဲ ပတ်ဝန်းကျင်ကလည်း မှောင်မည်းနေတာပဲ ဆေးရုံလည်းမတွေ့ လူနေအိမ်ခြေလည်း မတွေ့နဲ့ အား ရှင်မအူမလည် လုပ်ပြန်ပြီလား ကိုမြတ် ဒါ ကလေးကစားစရာ မဟုတ်ဘူးနော် ကျွန်မ ဗိုက်နာနေတာ ကလေးမွေးဖို့ရှင့်"

"အေးပါ မိန်းမရာ ငါသိပါတယ်ကွာ မင်းကလေးမွေးဖို့ အဆင်ပြေအောင် ငါလုပ်ပေးမလို့ပါ ခဏလေး အားတင်းပြီး လိုက်ခဲ့"

ကြာသပတေး သမီး ပီသစွာ လျှာရှည်တတ် ရစ်တတ်သော မိမိဇနီးဖြစ်သူ ပန်းအိအကြောင်းအား သိနေသော ကိုမြတ်စိုးမှာ ဇနီးဖြစ်သူအား နှစ်သိမ့်ချော့မော့ လိုက်ပြီး မလှမ်းမကမ်း မီးရောင်တလက်လက် မြင်နေရသော နေရာဆီသို့ ဦးတည် တွဲခေါ်လိုက်လေ၏။

"အင်း ဘယ်ကို လျှောက်ရမှာလဲ ကျွန်မ သိပ်မလျှောက်နိုင် အား ဘာ ဘာတွေလဲ မသိ ရေ ရေတွေ ...

"ဟင် ဘာလဲ ဘာဖြစ်တာလဲ"

နှုတ်မှတတွတ်တွတ် ပြောနေရင်း ခင်ပွန်း ဖြစ်သူခေါ်ရာနောက် အားတင်း၍ လိုက်လာသော ပန်းအိတစ်ယောက် ဆီးစပ်ဆီမှ စူးခနဲ ခံစားလိုက်ရသော နာကျင်မှုနှင့်အတူ ခြေသလုံးတစ်လျှောက် စီးကျလာသော အရာတို့ကြောင့် ဘာမှန်းညာမှန်းမသိ စိုးရိမ်စွာ လက်ဖြင့် သုတ်ကြည့်မိရာ စိုစွတ်သော အထိအတွေ့ကြောင့် တစ်ဦးကလေး ဖြစ်သော်လည်း လူကြီးသူမများ ပြောဆို နေသံများအား ကြားဖူးနား၀ ရှိသူပီပီ တစ်စုံတရာအား သဘောပေါက်စွာဖြင့် ...

"ရေ ရေမြွှာပေါက်တာ ထင်တယ် အစ်ကို ပန်း ပန်းအိ မွေး မွေး တော့မှာ"

"ဗုဒ္ဓေါ"

ပန်း ပန်းအိ လမ်းလယ်ကြီးမှာတော့ မလုပ်နဲ့နော် ဟို ဟို ရှေ့မှာ မြင် မြင် နေရပြီ တွေ့လား အိမ် တစ်အိမ် ဒါမှမဟုတ် ရွာတစ်ခုခုဖြစ်မှာ အဲဒီကို အရောက် သွားမယ်နော်"

"ဟင်အင်း မရနိုင်တော့ဘူး ကျွန်မ မလျှောက်နိုင်တော့ဘူး အရမ်း ရေ တွေ ဆင်းနေပြီ"

"ဟာ"

"ဒုက္ခပါပဲဟာ နေ နေ ငါချီသွားမယ်"

"အမလေးဗျ"

"နည်းနည်းနောနော မဟုတ်ပါလားဗျာ"

ကိုမြတ်စိုးမှာ ပိန်ပိန်ပါးပါး ဇနီးဖြစ်သူ ပန်းအိမှာ ၎င်းထက် ဆယ်နှစ်နီးပါး ငယ်သော်လည်း တောသူပီပီ လုံးကြီးပေါက်လှ တုတ်ခိုင်ခိုင်ဖြစ်၍ ၎င်းမှ လမ်းမလျှောက် နိုင်တော့သည့်တွင် ကိုမြတ်စိုးမှ ပွေ့ချီလိုက်ရာ ဒူးများမှာ ကွေးညွတ သွားမတတ် ယိုင်ခနဲ ဖြစ်သွားသဖြင့် နှုတ်မှ ညည်းညူလိုက်ရင်း ကိုမြတ်စိုးတစ်ယောက် ရှေ့တူရှုရှိ မီးရောင်ရှိရာသို့ အရောက် သွားရန် နှင်းမှုန်များကြား သွက်လက်စွာ တိုးဝင်လိုက်လေ၏။

"အင်း အင်း မရောက်သေးဘူးလား အစ်ကို"

"ရောက် ရောက်ခါနီးပါပြီ ဟော ဟဲ ဟောဟဲ"

"အား အားတင်းထားနော် မိန်းမ"

"အီး အင်းပါတော်"

နှင်းမှုန်တွေ ကြားထဲ ဇနီးဖြစ်သူ၏ ခန္ဓာကိုယ်အား မနိုင်မနင်းပွေ့ချီ ပြေး

လာသော ကိုမြတ်စိုးမှာ မောပန်းမှုအား ဂရုမထားပဲ မိန်းမဖြစ်သူအား အားပေးရင်းဖြင့် နှင်းတောထဲမှ ဖြတ်၍ မီးရောင်ရှိသော နေရာသို့ ရောက်လာလေတော့သည်။

***